# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 7, 2020 Volume 31, Number 3


| ၇.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၉၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၀၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၄/- ကျပ် |
| CBM Rate | = ၁၃၉၇.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၀၇.၉- ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၄.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၇.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၂.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၁၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၀ ပြည့်နှစ် မတ်တွင် စားသုံးသူဈေးဆနှုန်း (CPI) ၁၆၀ ဒသမ ၀၆ ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ၆ ဒသမ ၆၁ ရာခိုင်နှုန်းမြင့်တက်



၂၀၂၀ ပြည့်နှစ် မတ်တွင် စားသုံးသူဈေးဆနှုန်း (CPI) ၁၆၀ ဒသမ ၀၆ ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၆ ဒသမ ၆၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်သည့် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေအရ သိရသည်။

၂၀၂၀ ပြည့်နှစ် မတ်တွင် အစားအစာအုပ်စု၏ ဈေးဆနှုန်းမှာ ၁၇၂ ဒသမ ၄၀ ဖြစ်ပြီး ယခင်လ ဖေဖော်ဝါရီအခြေအနေ ၁၇၂ ဒသမ ၇၆ နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂၁ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ်တွင် အစားအစာမဟုတ်သော အုပ်စု၏ ဈေးဆနှုန်းမှာ ၁၄၂ ဒသမ ၆၉ ဖြစ်သဖြင့် ယခင်လ ဖေဖော်ဝါရီအခြေအနေ ၁၄၅ ဒသမ ၁၅ နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၇၀ ကျဆင်းလာကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော ၂၀၂၀ ပြည့်နှစ် မတ်အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၇၂ ဒသမ ၄၀၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၄၂ ဒသမ ၆၉ နှင့် အုပ်စုအားလုံးအတွက် ၁၆၀ ဒသမ ၀၆ ရှိပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်တွင် ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၆၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်ကာလတူထက် စားသုံးသူဈေးဆနှုန်း မြင့်တက်လာခြင်းမှာ စားသုံးသူဈေးဆနှုန်းတွက်ချက်ရန် ကောက်ခံသည့် အုပ်စုအားလုံးတွင် ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၈ ခုနှစ် ဇွန်မှ ၂၀၂၀ ပြည့်နှစ် မတ်အထိ တစ်နှစ်တာအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် မတ်တွင် ၁၅၀ ဒသမ ၁၃ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ၁၆၁ ဒသမ ၇၂ ဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှစ၍ အစားအစာအုပ်စုဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ မတ်တွင်လည်း ဆက်လက်ကျဆင်းနေခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ ဆက်လက်ကျဆင်းလာခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က သုံးသပ်ထားသည်။

၂၀၂၀ ပြည့်နှစ် မတ်အတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၆၀ ဒသမ ၀၆ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ စားသုံးသူဈေးဆန္ဒန်း ၁၅၀ ဒသမ ၁၃ နှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မတ်တွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ ဈေးနှုန်းများ ကျဆင်းလာခဲ့သော်လည်း ကျန်အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္ဒန်းများကို ကြည့်ပါက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီးသုံးမြို့ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ကျဆင်းနေသည်ကို တွေ့ရှိရသည်။ နှစ်အလိုက်ပြောင်းလဲမှု ရာခိုင်နှုန်းအနေဖြင့် မန္တလေးမြို့တွင် ၁၂ ဒသမ ၃၆ ရာခိုင်နှုန်းဖြင့် အများဆုံးပြောင်းလဲမှုဖြစ်ပေါ်နေပြီး မွန်ပြည်နယ်တွင် ၂ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက်တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၆၆၉ ကို စစ်တမ်းကောက်ယူခဲ့ကြောင်းသိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စစ်တမ်းကောက်ယူရာတွင် ကုန်ပစ္စည်းအမျိုးအစားများမှာ အများသုံးစွဲသည့် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအမျိုးအစားပေါင်း ၄၃၈ မျိုးပါဝင်ကြောင်းသိရသည်။ စားသုံးသူဈေးဆန္ဒန်း တွက်ချက်ရန်အတွက် အစားအစာအုပ်စုတွင် ကုန်ပစ္စည်း ၁၀၈ မျိုးနှင့် အစားအစာမဟုတ်သော အုပ်စုတွင် ကုန်ပစ္စည်းအမျိုးအစား ၁၆၆ မျိုးရွေးချယ်ခဲ့ပြီး စုစုပေါင်း ၂၇၄ မျိုးသို့ တိုးချဲ့ကောက်ယူတွက်ချက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ထားမှုအရသိရသည်။

တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် မတ်အထိ တစ်နှစ်ပျမ်းမျှ ၉ ဒသမ ၁၀ ရာခိုင်နှုန်းရှိပြီး နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) မှာ ၆ ဒသမ ၆၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/172460

## COVID-19 ကြောင့် လုပ်ငန်းရပ်ဆိုင်းခံရသည့် အထည်ချုပ်၊ ဖိနပ်နှင့် အိတ်စက်ရုံ လုပ်ငန်းများမှ စက်ရုံအလုပ်သမား ၉၀၀၀၀ ဝန်းကျင်ကို EU က ယူရို ငါးသန်းထောက်ပံ့ကူညီမည်

COVID-19 ကြောင့် လုပ်ငန်းရပ်ဆိုင်းခံရသည့် အထည်ချုပ်၊ ဖိနပ်နှင့်အိတ်စက်ရုံလုပ်ငန်းများမှ စက်ရုံအလုပ်သမား ၉၀၀၀၀ ဝန်းကျင်ကို EU က ယူရိုငါးသန်း ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းထောက်ပံ့ကြေးအစီအစဉ်ကို UNOPS မှ စီမံခန့်ခွဲ၍ SMART Textile & Garments မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဥရောပသမဂ္ဂ၏ EU Myan Ku (မြန်ကူ) အဖွဲ့မှ ဦးဆောင်ခြင်းဖြစ်ပြီး COVID-19 ၏ နောက်ဆက်တွဲ စီးပွားရေး အကျိုးသက်ရောက်မှုကြောင့် ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်းခံရသော အထည်ချုပ်၊ ဖိနပ်နှင့်အိတ်စက်ရုံလုပ်ငန်းများမှ စက်ရုံအလုပ်သမားများကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။ EU ထောက်ပံ့ကြေးငွေ ငါးသန်းကို စက်ရုံအလုပ်သမားများအတွက် ကဏ္ဍသုံးခုစီ အခြေခံပြီး စိစစ် ရွေးချယ်သွားမည် ဖြစ်ကြောင်း EU မြန်ကူအစီအစဉ်ကို ဦးဆောင် အကောင်ထည်ဖော် ဆောင်ရွက်နေသည့် SMART အထည်အလိပ်နှင့် အထည်ချုပ်စီမံကိန်း Project Manager မစုမွန်သဲက ပြောကြားသည်။ "ကဏ္ဍ သုံးခုကို အခြေခံပြီး ထောက်ပံ့ပေးသွားမှာပါ။

ပထမ ကဏ္ဍမှာ လုပ်ခလစာ မရှိဘဲ ဆိုင်းငံ့ခံထားရတဲ့ အလုပ်သမားတွေအတွက် တစ်ယောက်ကို ငွေကျပ် ခုနစ်သောင်းခွဲနဲ့ မေ၊ ဇွန်၊ ဇူလိုင် သုံးလအထိ ပေးအပ်မှာ ဖြစ်ပါတယ်။ နောက်ပြီး တရားဝင် အလုပ်ကနေ ထုတ်ပယ်ခံရတဲ့ အလုပ်သမားတွေ၊ နစ်နာကြေးပေးပြီး ထုတ်ပယ်ခံရတဲ့ အလုပ်သမားတွေ၊ စမ်းသပ်ကာလ ကျော်လွန်ပြီး အလုပ်ကနေ ဆက်မခန့်နိုင်တော့လို့ ရပ်နားလိုက်ရတဲ့ အလုပ်သမားတွေအတွက် တစ်ဦးလျှင် ကျပ်ခုနစ်သောင်းခွဲနဲ့ သုံးလစာမြန်ကူအစီစဉ်ကနေ ထောက်ပံ့ပေးသွားမှာဖြစ်တယ်"ဟု Project Manager မစုမွန်သဲက ပြောကြားသည်။ "ကဏ္ဍနှစ်မှာ တရားမဝင်အလုပ်ကနေ ထုတ်ပယ်ခံရ အလုပ်သမားတွေ လုပ်ခလစာ နစ်နာကြေးမရတဲ့သူတွေကို တစ်ယောက်ကို ငွေကျပ် ၁၂၅၀၀၀ ကျပ်နဲ့ သုံးလစာ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ လုပ်ခလစာ တစ်စိတ်တစ်ပိုင်းရပြီး ဆိုင်းငံ့ခံထားရ အလုပ်သမားတွေအတွက် စက်ရုံက

ပေးတဲ့လုပ်ခလစာရာခိုင်နှုန်း ၅၀ ကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ကဏ္ဍာ သုံးမှာလည်း လုပ်ခလစာ တစ်စိတ်တစ်ပိုင်းရပြီး ဆိုင်းငံ့ခံရ အလုပ်သမားတွေအတွက် စက်ရုံပေးတဲ့ လုပ်ခလစာအတိုင်း ရာခိုင်နှုန်း ၅၀ ကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ အဲဒီအပြင် အလုပ်ရှင်က လစာမပေးဘဲနေထိုင်ရေး၊ စားသောက်ရေးတွေကို အလုပ်ကနေ ပေးထားတယ်ဆိုရင် အဲဒီအလုပ်ရှင်ကနေ အလုပ်သမားတွေပေးထားတဲ့ နေထိုင်စားသောက်စရိတ်တွေအတိုင်း စရိတ်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်”ဟု Project Manager မစုမွန်သဲက ပြောကြားခဲ့သေးသည်။

မြန်ကူအစီအစဉ်နဲ့ အလုပ်သမားတွေ Wave Money ကနေ တိုက်ရိုက်လွှဲပြောင်း ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ EU ၏ မြန်ကူအစီအစဉ်ဖြင့် ပြီးခဲ့သည့် မေ ၁ ရက် အလုပ်သမား ၉၀ ကို ငွေကျပ် ၆၈ သိန်း ထောက်ပံ့ ကူညီပေးခဲ့ပြီး လာမည့် မေ ၁၁ ရက်တွင် နောက်ထပ် အလုပ်သမားများကိုလည်း Wave Money လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း Project Manager မစုမွန်သဲက ပြောကြားခဲ့သေးသည်။ “မြန်ကူအစီအစဉ်အနေနဲ့က အလုပ်သမားတွေကို သုံးလစာ ထောက်ပံ့ပေးသွားဖို့ ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ ငွေကြေးအပေါ်မူတည်ပြီး လျှောက်ထားတဲ့ လူဦးရေ၊ ကျန်တဲ့လတွေမှာ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်မှု အခြေနေပေါ်မူတည်ပြီး လုပ်ဆောင်သွားမှာဖြစ်ပါတယ်”ဟု မစုမွန်သဲက ပြောကြားသေးသည်။ “အလုပ်သမားတွေအဖို့ ခက်ခဲရုန်းကန်ရတဲ့ ဒီလိုအချိန်မျိုးမှာ မြန်ကူအစီအစဉ်ကနေတစ်ဆင့် အီးယူကပေးလာတဲ့ အထောက်အပံ့တွေအတွက် ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒီအရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းဖို့အတွက်လည်း ကျွန်တော်တို့ အီးယူနဲ့ပူးပေါင်းဆောင်ရွက်သွားပါမယ်”ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက EU စာမျက်နှာတွင်ပြောကြားသည်။ EU ၏ မြန်ကူအစီအစဉ်မှ ပထမသုတ်အနေဖြင့် ငွေလွှဲပြောင်း ထောက်ပံ့မှု ဖေဖော်ဝါရီလနှင့် မတ်လအတွင်း စက်ရုံခြောက်ရုံမှ အလုပ်ဆိုင်းငံ့ခံခဲ့ရသည့် အလုပ်သမားများပါဝင်ပြီး လာမည့် အပတ်များတွင် အလုပ်သမား ၉၀၀၀ ခန့်ထံသို့ ယူရိုငါးသန်း မြန်မာငွေကျပ် ၇ ဒသမ ၉ ဘီလျံကို လွှဲပြောင်းထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/172469

## COVID-19 ကန့်သတ်မှုများကြောင့် သကြားဈေးကွက် အကျဘက်ဦးတည်




COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ကန့်သတ်မှုများကြောင့် သကြားကိုပြည်တွင်းသုံးစွဲသူနည်းပါးခြင်း၊ ကမ္ဘာ့သကြားဈေးကွက် ကျဆင်းနေခြင်းနှင့် ပြည်တွင်းသကြားလက်ကျန်ရှိနေခြင်းအပြင် တရုတ်မှ ဝယ်လိုအား မရှိခြင်းတို့ကြောင့် သကြားဈေးကွက် အကျဘက်ဦးတည် နေကြောင်း သကြားလုပ်ငန်းရှင်များထံမှသိရသည်။ လက်ရှိကြုံတွေ့နေရသည့် ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် အစိုးရနှင့်ဒေသန္တရအမိန့်များအရ စားသောက်ဆိုင်များဖွင့်ခွင့်မရှိဘဲ ပါဆယ်စနစ်ရောင်းချစေခြင်း၊ ပွဲလမ်းသဘင်များ ကျင်းပခွင့်မပြုခြင်းတို့ကြောင့် ပြည်တွင်းသကြား သုံးစွဲမှုလည်း ကျဆင်းလာမှုက သကြားဈေးကွက်အပေါ် သက်ရောက်စေသည်ဟုဆိုသည်။ “အရင်ထဲက သကြားလက်ကျန်က ပြည်တွင်းမှာများနေတယ်။ ဒီ ၂ နှစ်လောက်မှာတော့ သကြားဈေးတက်စရာမရှိဘူး။ အကျဘက်မှာရှိတယ်။ ကိုဗစ်ကြောင့် လုပ်ငန်းတွေရပ်တာ၊ စက်ရုံအချို့ပိတ်တာနဲ့အချိုရည်စက်ရုံတွေဆိုလည်း ပွဲလမ်းမရှိလို့ ရောင်းအားမရှိတဲ့အခါသကြားသုံးစွဲမှုနည်းသွားတယ်။ ဝယ်လိုအားနည်းနေတယ်။ ဒီနှစ်မှာလည်း သကြားဈေးအကျနဲ့ ခါးစည်းခံရမှာပါ“ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဒုဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။

ပြည်တွင်းထုတ်လုပ်သည့် သကြားဈေးကွက်တွင် ၂၀၂၀ ပြည့်နှစ်စပိုင်းက ပေါင်းသကြားတစ်ပိဿာ ၈၆၀-၈၈၀ ကျပ်ရှိပြီး ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းပိုင်းတွင် ၉၁၀-၉၃၀ ကျပ်ထိ မြင့်တက်လာခဲ့ရာမှ ဧပြီလဆန်းပိုင်းမှစ၍ မေလ ၁ ရက်နေ့တွင် ၈၇၀-၈၈၀ ကျပ်၊ မေ ၄ ရက်နေ့တွင် ၈၅၀-၈၆၀ ကျပ်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ''ပြည်တွင်းထုတ်လုပ်မှုနဲ့ ပြည်တွင်းစားသုံးမှုက ပိုလျှံနေချိန်မှာ ပြည်ပကဝင်လာပြီး ဈေးနှုန်းက သိပ်မကွာဘူး။ တရုတ်ပြည်ကပိတ်လိုက်တဲ့ သကြားတွေ

ပြည်တွင်းမှာ စုပုံနေတာအကြောင်းတစ်ခုပါ။ သကြားထုတ်လုပ်မှုအရ ပြည်တွင်းမှာစုပုံနေတယ်။ လက်ရှိမှာ တောင်သူတွေက ကြံပင်တွေ အလကားပေးတာတို့ဖြစ်နေတော့ သကြားလောက အဆင်မပြေနိုင်သေးဘူး”ဟု သကြားနှင့်သကာရည်များ လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ (မန္တလေးတိုင်း) ဦးအေးကပြောသည်။

ပြည်ပမှ သကြားတင်သွင်းခွင့်ရရှိသူများကလည်း စက်ရုံထုတ်လုပ်မှုထက် ပြင်ပသို့ရောင်းချခြင်းက ပိုမိုအမြတ်အစွန်းရရှိသဖြင့် ဈေးကွက်တွင် ပြည်တွင်းသကြားနှင့် ဈေးမကွာဘဲ ရောင်းချမှုများလည်းရှိနိုင်ကြောင်းသိရသည်။ သကြားဈေးကွက်ကျဆင်းမှုကြောင့် သကြားထုတ်လုပ်သည့်စက်ရုံများကလည်း ယခင် ကြံတစ်တန်လျှင် ၄၂၀၀၀ ဝန်းကျင်မှ ယခုနှစ်တွင် ၃၈၀၀၀ ဝန်းကျင်သာဝယ်ယူသဖြင့် ကြံစိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/138917.html

## COVID-19 ကာလ၌ အခွန်ငွေလျော့ကျ

တိုး၍ရရှိခဲ့သောအခွန်ငွေသည် COVID-19 ရောဂါဖြစ်ပြီးကာလ၌လျော့ကျခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်ကပြောသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ယခုဘဏ္ဍာနှစ်မတ်လကုန်အထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှု ကျပ်ဘီလီယံ ၃,၅၀၀ ကျော်ရရှိခဲ့ပြီး တစ်နှစ်ပတ်လုံး လျာထားချက်အပေါ် ၅၃ ရာခိုင်နှုန်းခန့် အကောင်အထည် ဖော်နိုင်ခဲ့သည်ဟု ထုတ်ပြန်ထားသည်။ “အခုကောက်ခံရရှိတဲ့ ကျပ် ဘီလီယံ ၃,၅၀၀ ကျော်ရှိတယ်။ အရင်နှစ်ကာလတူ ကထက်တော့ ဘီလီယံ ၂၀၀ လောက်ပိုရထားတယ်။ ဒါပေမဲ့ COVID မဖြစ်ခင်ကာလတုန်းက ဘီလီယံ ၅၀၀ လောက်ပိုရခဲ့တာ”ဟု ဦးမင်းထွဋ်ကပြောသည်။ အခွန်တစ်မျိုးချင်းကောက်ခံ ရရှိမှုတွင် ဝင်ငွေခွန် ကျပ် ၁,၄၅၁ ဘီလီယံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁,၁၄၈ ဘီလီယံ၊ အထူး ကုန်စည်ခွန် ကျပ် ၇၆၀ ဘီလီယံ၊ ရတနာခွန် ကျပ်ရှစ်ဘီလီယံ ကျော်၊ တံဆိပ်ခေါင်းခွန် ကျပ် ၅၅ ဘီလီယံနှင့် အောင်ဘာလေ သိန်းဆုခွန် ကျပ် ၈၂ ဘီလီယံ ကျော်ရရှိခဲ့သည်။

အစိုးရက စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများအပါအဝင် ပြည်တွင်းပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအတွက် အခွန်ဖြေလျှော့ခြင်းနှင့် အရေအတွက် ၂၀ ထက် မနည်းသည့်ကုန်ပစ္စည်းများကို အစိုးရကကုန်သွယ်ခွန်ကင်း လွတ်ခွင့်ပြုခဲ့သည်မှာလည်း အခွန်ကောက်ခံရရှိမှု ဝင်ငွေအပေါ် တစ်စိတ်တစ်ပိုင်း သက်ရောက်စေခဲ့သည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ခန့်မှန်းချက်အရ ယခုဘဏ္ဍာနှစ် အခွန်အရပ်ရပ်ကောက်ခံမှုမှ ကျပ်ဘီလီယံ ၈,၀၀၀ ခန့်ရမည်ဖြစ်သည်။ ယင်းခန့်မှန်းချက်သည် ယခင် ဘဏ္ဍာနှစ်ထက် ကျပ်ဘီလီယံ ၁၀၀ ခန့်ပိုမိုရရှိရန် မျှော်မှန်းထား သည်။

၂၀၁၉ -၂၀ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ချက်အရ အစိုးရက အသုံးစရိတ် တိုးမြှင့်သုံးစွဲရန် လျာထားပြီး အခွန်မှရငွေကိုလည်း ပိုရရှိမည်ဟု မျှော်လင့်ထားသည်။ ဟန်းဆက်များမှ အခွန်ကောက်ခံမှုတိုးမြှင့်လာနိုင်ခြင်း၊ အခွန်ဖြေလျှော့မှုကြောင့် အသုံးစရိတ်များအပေါ် တိုးမြှင့်ကောက်ခံလာနိုင်ခြင်း၊ စီးကရက်၊ အရက်အခွန်များတိုးမြှင့်ထားခြင်းကြောင့် ကောက်ခံရရှိမည့်အခွန်ငွေပမာဏကိုလည်း တိုးမြှင့်လျာထား ခြင်းဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကဆိုသည်။

**Source:** https://7day.news/detail?id=185375

## လေးလအတွင်း စက်သုံးဆီဈေး ပထမဆုံးပြန်တက်

ပြည်တွင်းစက်သုံးဆီဈေးသည် မေလ ၆ ရက်က လေးလအတွင်း ပထမဆုံးအကြိမ် ပြန်လည်မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီလဆန်းပိုင်းကစ၍ တစ်ရှိန်ထိုးကျဆင်းခဲ့ကာ သမိုင်းတစ်လျှောက် အနိမ့်ဆုံးစံချိန်ကို အကြိမ်ကြိမ်ချိုးခဲ့သည့် စက်သုံးဆီဈေးသည် အရောင်းဆိုင်အချို့တွင် စက်သုံးဆီအမျိုးအစားတစ်ခုချင်းအလိုက် တစ်လီတာလျှင် ၁၀ ကျပ်စီ ဈေးပြန်တက်ခဲ့သည်။

ရန်ကုန်အထိုင်စက်သုံးဆီ အရောင်းဆိုင်အချို့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၃၁၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၄၅၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၄၂၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၄၃၅ ကျပ်နှုန်းဖြင့် ဈေးဖွင့်ရောင်းချခဲ့သည်။ စက်သုံးဆီဆိုင်အချို့မှာ ယင်းနှုန်းထက် တစ်လီတာလျှင် ၁၀ ကျပ်ခန့် လျော့နည်းသည့်ဈေးဖြင့်

အပြောင်းအလဲပြုလုပ်ခြင်းမရှိသေးဘဲ ဆက်လက်ရောင်းချနေသည်။ “ကမ္ဘာ့ရေနံဈေးကအတက်ဘက် ပြန်ရောက်လာလို့ ပြည်တွင်းစက်သုံးဆီဈေး ပြန်လှုပ်လာတဲ့သဘောပဲ။ ဈေးပြန်တင်တဲ့ ဆိုင်ကတင်လာသလို အခြေအနေဆက်စောင့်ကြည့်တဲ့ ဆိုင်တွေလည်းရှိသေးတယ်”ဟု စက်သုံးဆီရောင်းဝယ်ရေး ဈေးကွက်လေ့လာသူ ဦးကျော်စိုးကပြောသည်။

ကမ္ဘာ့ရေနံစိမ်းဈေးမှာ ယခုရက်ပိုင်းအတွင်း တစ်စည်လျှင် သုံးဒေါ်လာခန့် ပြန်တက်သွားသဖြင့် ပြည်တွင်းဈေးကွက်တွင် ဈေးအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လာနိုင်သည်ဟု ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**Source:** https://7day.news/detail?id=185480

## မြန်မာ့စက်မှု ကုန်ထုတ်လုပ်ငန်းများ၏ အခြေအနေ ဧပြီတွင် ဖရိုဖရဲ အနေအထားဖြင့် ထိုးကျခဲ့ပြီး COVID–19 ကြောင့် ထုတ်လုပ်မှု၊ အော်ဒါရရှိမှု၊ သွင်းကုန်လက်ကျန်နှင့် ကုန်ချောသိုလှောင်ထားမှုများ စံချိန်သစ်နှုန်းများဖြင့် ကျဆင်း



မြန်မာ့စက်မှု ကုန်ထုတ်လုပ်ငန်းများ၏အခြေအနေ ဧပြီတွင် ဖရိုဖရဲ အနေအထားဖြင့် ဆက်လက်ထိုးဆင်းသွားပြီး COVID–19 ကြောင့် ထုတ်လုပ်မှု၊ အော်ဒါရရှိမှု၊ သွင်းကုန်လက်ကျန်နှင့် ကုန်ချောသိုလှောင်ထားမှုများ စံချိန်သစ်နှုန်းများဖြင့်ကျဆင်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ် ဧပြီအတွက်ထုတ်ပြန်သော နစ်ကေးမြန်မာ့စက်မှု ကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်း (Manufacturing Purchasing Manager’s Index – ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း) အရသိရသည်။

ဧပြီစစ်တမ်းဒေတာအရ မြန်မာ့ကုန်ထုတ်လုပ်ရေးကဏ္ဍသည် COVID–19 ဖြစ်ပွားမှု နက်ရှိုင်းလာခဲ့မှုကြောင့် စီးပွားရေးကျဆင်းလာခဲ့သဖြင့် အရှိန်အဟုန်ဖြင့်ကျဆင်းခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။ အကျပ်အတည်းအကြားတွင် ဝယ်လိုအား ကုန်ခမ်းသွားခဲ့ပြီး အလုပ်သမားများ ၎င်းတို့၏ ဇာတိနေရပ်များသို့ ပြန်သွားခဲ့ကြ၍ ထုတ်လုပ်မှု၊ အော်ဒါသစ်များ၊ ကုန်ပစ္စည်းဝယ်ယူမှုများနှင့် အလုပ်နေရာအသီးသီးတို့သည် စံချိန်တင် နှုန်းသစ်များဖြင့်ကျဆင်းလာခဲ့သည်။ နောက်ဆုံးစစ်တမ်းမှ အပြုသဘောရလဒ်ဆို၍ လာမည့် ၁၂ လအတွက် ထုတ်လုပ်ရေး မျှော်မှန်းချက်များမှာ အနုတ်လက္ခဏာဖြစ်မသွားခြင်းဖြစ်သည်။

မြန်မာ PMI သည် မတ်လတွင် ၄၅ ဒသမ ၃ ရှိခဲ့ရာမှ ဧပြီတွင် ၂၉ သို့ထိုးကျခဲ့ပြီး မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှု အခြေအနေများ အပြင်းအထန်ထိုးကျသွားမှုကို အချက်ပြနေသည်။ PMI အညွှန်းကိန်း တစ်လပြီးတစ်လ ၁၆ ဒသမ ၃ သို့ ထိုးကျသွားမှုမှာ မတ်လတွင် စာရင်းသွင်းခဲ့သည့် ကျဆင်းမှုအမှတ် ၄ ဒသမ ၅ ရှိခဲ့ရာမှ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှစ၍ စစ်တမ်းအတွင်း မြင်တွေ့ခဲ့ရသည် အကြီးမားဆုံးကိန်းဖြစ်သည်။ PMI တွက်ချက်မှုတွင် ၇၅ ရာခိုင်နှုန်းအထိ အလေးတင်ပေးခံကြရသည့် ထုတ်လုပ်မှု၊ အော်ဒါသစ်များနှင့် အလုပ်နေရာများအသီးသီး ဧပြီတွင် စံချိန်တင်နိမ့်ကျသွားခဲ့ကြသည်။ ပစ္စည်းပေးသွင်းမှု ကြာမြင့်ချိန်များမှာ ရှေ့ဆက်ပိုကြာ လာခဲ့ကြရာ PMI အညွှန်းကိန်း၏ ယေဘုယျကျဆင်းမှုကို ရှေ့ဆက်၍ ဖေးမခဲ့သော်လည်း မတ်လကုန်ကထက် နည်းပါးခဲ့သည်။ နောက်ဆုံး PMI အစိတ်အပိုင်း ဖြစ်သော ကုန်ပစ္စည်းသိုလှောင်မှုများမှာ မှတ်တမ်းထဲတွင် တတိယအမြန်ဆုံးနှုန်းဖြင့် ကျဆင်းသွားခဲ့သည်။

COVID–19 ကပ်ရောဂါပျံ့နှံ့မှုကြောင့် လုပ်ငန်းများကို ရပ်ဆိုင်းလာခဲ့၍ ဧပြီတွင် အော်ဒါသစ်များရရှိမှု လျော့နည်းခဲ့ ကြောင်း စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ ၈၀ ရာခိုင်နှုန်းခန့်က အစီရင်ခံခဲ့ကြသည်။ အလားတူနီးပါးရှိသော ကုမ္ပဏီများကမူ လုပ်ငန်း လည်ပတ်မှုများကို ရပ်ဆိုင်းလိုက်ပြီး အလုပ်သမားများ နေရပ်ပြန်သွားခဲ့ကြ၍ ဧပြီလအတွင်း ထုတ်လုပ်မှု ကျဆင်းခဲ့သည်ဟု အစီရင်ခံခဲ့ကြသည်။ ထုတ်လုပ်မှုနှင့် အလုပ်ခန့်အပ်မှုဆိုင်ရာ အညွှန်းကိန်းနှစ်ရပ်မှ စစ်တမ်းသမိုင်းတွင် အနိမ့်ဆုံးနှုန်းဖြစ်သည်။ ဧပြီလထဲတွင် မြန်မာကုန်ထုတ်လုပ်ငန်း ယူနစ်အများအပြားတို့သည် ထုတ်လုပ်မှုကို ရပ်တန့်ခဲ့ကြရသော်လည်း လက်ထဲ ကျန်ရစ်ခဲ့သည့်လုပ်ငန်းများမှာ စံချိန်တင်အများဆုံးနှုန်းဖြင့် ဆက်လက်ကျဆင်းလာခဲ့ပြီး အလုပ်သစ်ဝင်လာမှု ရုတ်တရက် ထိုးကျသွားခြင်းကို ထင်ဟပ်နေသည်။ ကုန်ချောလက်ကျန်စာရင်းများ မကြုံစဖူးကျဆင်းမှုကိုလည်း စာရင်းသွင်းခဲ့ကြပြီး သုံးလဆက်တိုက် စံချိန်တင်ကျဆင်းသွားခဲ့သည်။ အလုပ်သစ်ရရှိမှု စံချိန်တင် ကျဆင်းလာခဲ့မှုကို အကြောင်းပြပြီး ဝယ်ယူရေး

လုပ်ငန်းများကို ဧပြီတွင် အကြီးအကျယ် လျှော့ချခဲ့ကြသည်။ သွင်းကုန်ဝယ်ယူမှုများမှာ စံချိန်တင် အရှိန်ဖြင့်ကျဆင်းလာခဲ့ပြီး ဝယ်ယူထားသည့် သိုလှောင်ကုန်များမှာ စစ်တမ်းသမိုင်းအတွင်း တတိယအမြန်ဆုံးနှုန်းဖြင့် ကျဆင်းသွားခဲ့သည်။ ပစ္စည်းပေးသွင်းမှု ကြာမြင့်ချိန်များမှာ ဆက်ပြီး တိုးမြင့်လာခဲ့သော်လည်း မတ်နှင့်စာလျှင် ကြန့်ကြာမှု ပိုနည်းလာသည်။

ဈေးနှုန်းများဆိုင်ရာ နောက်ဆုံးဒေတာမှ ထုတ်လုပ်ကြသူများထံတွင် သွင်းကုန်ပျမ်းမျှစရိတ်စကများ မြင့်မားလာခဲ့ခြင်းကို ပြသနေရာ မတ်တွင် ကျဆင်းခဲ့ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သို့သော်လည်း ငွေကြေးဖောင်းပွမှုနှုန်းမှာ အသင့်အတင့်မျှသာ ရှိခဲ့သည်။ ယင်းအတောအတွင်း ထုတ်လုပ်ခဲ့သည့် ကုန်စည်များအတွက် တောင်းခံသည့်ဈေးနှုန်းများမှာ ငါးလအတွင်း လေးလမြောက်ကျဆင်းလာခဲ့သော်လည်း မတ်နှင့်စာလျှင် အားပျော့ခဲ့သည်။

အဆိုပါ စစ်တမ်းကိုပြုစုပေးသည့် HIS Markit မှ စီးပွားရေးပညာရှင် Trevor Balchin က "မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်ရေးကဏ္ဍက ကပ်ရောဂါကြောင့်၊ ကမ္ဘာ့စီးပွားရေး ထိုးနှက်ချက်ကြောင့် ဧပြီမှာ ဆက်ကျသွားခဲ့ပြီး ၂၉ အထိ ထိုးဆင်းခဲ့ပါတယ်" ဟု ပြောကြားသည်။ ယခုထုတ်ပြန်ထားသော စစ်တမ်းကို HIS Markit က စက်မှုကုန်ထုတ် လုပ်ငန်းများထံမှ ကောက်ယူစုစည်း ရရှိသည့် စစ်တမ်းမူလကိန်းဂဏန်းများကို အခြေခံပြုစုထားခြင်းဖြစ်ပြီး ဂျပန်အခြေစိုက် Nikkei မီဒီယာအုပ်စုက ပံ့ပိုးထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/172144

## တစ်ဒေါ်လာ ၁,၄၀၀ ကျပ်အောက် ကျဆင်း



ဗဟိုဘဏ်က ဒေါ်လာများဝယ်နေသော်လည်း မြန်မာကျပ်ငွေ တန်ဖိုးထပ်မံမြင့်တက်ပြီး မေလ ၅ ရက်တွင် တစ်ဒေါ်လာ ၁,၃၉၆ ကျပ်သို့ ဈေးကျဆင်းလာသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာ တန်ဖိုးက ယခုနှစ်အတွင်း ကျပ် ၁,၄၀၀ အောက် ဒုတိယအကြိမ် ထပ်မံ ကျဆင်းခြင်းဖြစ်သည်။ ယခုနှစ်ဆန်းပိုင်းတွင် ဒေါ် လာတန်ဖိုးက ၁,၃၂၀ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့သည်။

ထို့နောက် ၁,၄၂၀ ကျပ် ဝန်း ကျင်သို့ ပြန်လည်မြင့်တက်ပြီးနောက် မေလပထမပတ်အတွင်း ဒုတိယအကြိမ် ကျပ် ၁,၄၀၀ အောက် ကျဆင်းခြင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်လာကျဆင်းမှုကို ထိန်းရန် ဗဟိုဘဏ်က မေလ ပထမပတ် ရုံးဖွင့်ရက် ၂ ရက် တွင် ဒေါ်လာ ခြောက်သန်းကို လေလံဈေးကွက်ဖြင့် ဝယ်ယူခဲ့သည်။ မေလ ၄ ရက်တွင် တစ်ဒေါ် လာ ၁,၄၀၈ ကျပ်ဖြင့် ဒေါ်လာ သုံးသန်း၊ မေလ ၅ ရက်တွင် တစ် ဒေါ်လာ ၁,၃၉၇ ကျပ်ဖြင့် နောက်ထပ်သုံးသန်း ထပ်မံဝယ်ယူခဲ့သည်။ ဈေးကျချိန်တွင် ဗဟိုဘဏ်က ဒေါ်လာဝယ်ယူခြင်းက ပြည်တွင်းငွေကြေးဈေးကွက်တည်ငြိမ်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဟု ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတွင် COV-ID-19 ရောဂါဖြစ်ပွားနေချိန်တွင် ကျပ်ငွေတန်ဖိုးမြင့်တက်ပြီး ဒေါ်လာဈေးကျခြင်းက ငွေကြေးဖောင်းပွမှုကိုသက်သာစေကြောင်း ကမ္ဘာ့ရတနာဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာလှုညွန့်ကဆိုသည်။ "ကျပ်ငွေတန်ဖိုးတက်တော့ ပြည်တွင်းကုန်ဈေးနှုန်းမကျရင် တောင်တက်ဖို့မဖြစ်နိုင်တော့ဘူးပေါ့။ ဒီမှာက လူသုံးကုန်တော်တော်များများကို ပြည်ပကနေ သွင်းနေရတာလေ"ဟု ဒေါက်တာလှုညွန့်ကပြောသည်။ လက်ရှိဒေါ်လာတန်ဖိုးကျဆင်းမှုနှင့် ပတ်သက်၍ ပို့ကုန်၊ သွင်းကုန်စီးပွားရေးလုပ်ငန်းရှင်အချို့က ကုန်သွယ်မှုတုံ့နှေးနေခြင်းကြောင့်ဟုပြောသည်။ CO-VID-19 ရောဂါကြောင့် ပြည်တွင်းဝယ်လိုအားကျဆင်းပြီး ပြည်ပမှကုန်စည်တင်သွင်းမှုနည်းသဖြင့် ဒေါ်လာသုံးစွဲမှု လျော့နည်းလာသည်။ ထို့ကြောင့် ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျ ဆင်းပြီး ကျပ်ငွေတန်ဖိုးတက်ခြင်း ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။

**Source:** https://7day.news/detail?id=185374

## စိန်တလုံးသရက်သီး တရုတ်ပြည်တွင်းဈေးကွက်၌ WeChat ဖြင့်ရောင်းဝယ်မှု ယခုနှစ်ပိုမိုများပြား



မြန်မာ့စိန်တလုံး သရက်သီးဈေးကွက်တွင် လက်ကားဝယ်ယူပြီးနောက် တရုတ်ပြည်တွင်းဝယ်လိုအားကြောင့် WeChat (အွန်လိုင်းစနစ်)ဖြင့် ရောင်းချမှုမှာ ယခုနှစ် ပိုမိုများပြီးလာပြီး တစ်ရက်လျှင် ၁၀ တန်ကျော်ထိ ရောင်းချနေရကြောင်း ခွာညီသစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်ကပြောသည်။ COVID-19 ဖြစ်ပွားမှုကြောင့် တရုတ်ပြည်တွင်းရှိ ဈေးကွက်အများစုပိတ်ထားမှုကြောင့် WeChat မှ ရောင်းအားပိုမို မြင့်မားလာခြင်းဖြစ်ပြီး သစ်သီးပွဲရုံများမှ လက်ကားဝယ်ယူကာ ပြန်လည်ရောင်းချခြင်းဖြစ်သည်ဟုဆိုသည်။ “WeChat ကနေ အွန်လိုင်းစနစ်နဲ့ သရက်ရောင်းတာက ဒီနှစ်ပိုပြီး အလုပ်ဖြစ်နေတယ်။ တရုတ်ပြည်က COVID-19 ပတ်သက်လို့ ဈေးကွက်တွေ အများကြီးပိတ်ထားလို့ အိမ်တိုင်ရာရောက်ပို့တဲ့ အွန်လိုင်းနဲ့ စားသုံးသူထံ ရောင်းတာက အလုပ်ဖြစ်တာပေါ့။ သူတို့ ရဲ့ Delivery စနစ်နဲ့ ပို့ဆောင်ရေးက အရမ်းကောင်းလို့ ဝမ်တိန်ကနေ ပီကင်းကို တစ်ရက်ထဲနဲ့ ရောက်တယ်” ဟုဒင်းက ပြောသည်။

WeChat ဖြင့် ဖရဲ သခွားရောင်းချခြင်းမရှိဘဲ သရက်သီးသာရောင်းချခြင်းဖြစ်ပြီး သစ်သီးပွဲရုံများမှ တစ်ရက်လျှင် တန်၃၀ ခန့် ဝယ်ယူပြီးတစ်ဆင့် ပြန်လည်ရောင်းချခြင်းဖြစ်၍ တစ်ရက်လျှင် ၅ တန် မှ ၁၀ တန်ကျော်ဖြုန်းအားရှိကြောင်း၊ WeChat ဖြင့် ရောင်းချသူ ၁၀၀ ကျော်ရှိကာ ရွှေလီ၊ ဝမ်တိန်၊ မန်ဝိန်း၊ ပေါက်ဆန်းမြို့တို့တွင် အထိုင်ပြုလုပ်၍ အရည်အသွေးကောင်းသည့် စိန်တလုံးသရက်သီးများ ရောင်းချခြင်းဖြစ်ကြောင်းသိရသည်။ “WeChat နဲ့ ရောင်းတာက ၅ နှစ်လောက်ရှိပါပြီ။ ဒီနှစ်က ပိုများတာပေါ့။ မိသားစုစားဖို့ အသီးကောင်းတွေကို ရောင်းကြတယ်။ ကျွန်တော်တို့ဆီက အသီးကောင်းတာရွေးဝယ်ပြီး ပြန်ရောင်း။ Customer မကြိုက်ရင် ပြန်လဲပေးရတာပေါ့။ စားသုံးသူက သရက်သီးပိုပြီး အားကောင်းလို့ ဖရဲ သခွားက ဝီချက်နဲ့ မရောင်းရဘူး”ဟု မူဆယ်(၁၀၅)မိုင်မှ မိန်းမိန်းသစ်သီးပွဲရုံမှပြောသည်။ WeChat (အွန်လိုင်းစနစ်)ဖြင့် ရောင်းချသူများသည် သစ်သီးပွဲရုံများမှ စိန်တလုံးသရက်သီးကို လက်ကားဝယ်ယူရောင်းချခြင်းဖြစ်ပြီး သရက်ခြင်းတစ်ခြင်းလျှင် ယွမ် ၁၀၀ ခန့် အမြတ်အစွန်းရရှိကြကြောင်း၊ COVID-19 ရောဂါကြောင့် တရုတ်ပြည်တွင်းဈေးကွက်အချို့ ပိတ်ထားဆဲဖြစ်၍ အိမ်အရောက်စနစ်ဖြင့် စိန်တလုံး သရက်သီးကို ဝယ်ယူစားသုံးသူများပြားနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/138978.html

## ရေနံချောင်းမြို့နယ် ပင်းချောင်းအတွင်းနှင့်ပင်းချောင်းအနီးဝန်းကျင်တွင်စိုက်ပျိုးခဲ့သည့် ကြက်သွန်နီများအထွက်နှုန်းကောင်းခဲ့သော်လည်း ဈေးအေးနေပြီး COVID-19 ကြောင့် ရေရှည်အထိ ဈေးမတက်မည်ကို တောင်သူများစိုးရိမ်



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပင်းချောင်းအတွင်းနှင့် ပင်းချောင်းအနီးဝန်းကျင်တွင် ဇန်နဝါရီလပိုင်းက စတင်စိုက်ပျိုးခဲ့ပြီး ဧပြီလအတွင်းက နုတ်သိမ်းခဲ့သည့် ကြက်သွန်နီများ အထွက်နှုန်းကောင်းခဲ့သော်လည်း ဈေးအေးနေပြီး COVID-19 ကြောင့် ရေရှည်အထိ ဈေးမတက်မည်ကို ့ တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

ပင်းချောင်းအတွင်း သဘာဝစိမ့်စမ်းရေ စတင်ထွက်ရှိသည့် ရေနံချောင်းမြို့နယ် အုတ်ရှစ်ကုန်း ကျေးရွာအုပ်စုအတွင်းမှစ၍ ရေဝတီမြစ်နှင့် ပင်းချောင်းတို့ ပေါင်းဆုံသည့် ဘုရားကုန်း၊ ပင်းဝကျေးရွာများအထိ ပွင့်လင်းရာသီတွင် ကြက်သွန်နီကို အမြောက်အမြားစိုက်ပျိုးလေ့ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုသာယာမှုကြောင့် ယခင်နှစ်များထက် ထူးခြားစွာ ကြက်သွန်နီထွက်နှုန်းများကောင်းမွန်ခဲ့ကြောင်း သို့သော် ရာသီပေါ်စမှ ယခု မေလဆန်းပိုင်းအထိ ကြက်သွန်နီဈေးသည် တစ်ပိဿာလျှင် ကျပ် ၄၀၀ ဝန်းကျင် တွင်သာရှိပြီး COVID-19 ကြောင့် ရေရှည်အထိ ဈေးမတက်မည်ကို

တောင်သူများ စိုးရိမ်နေကြကြောင်းသိရသည်။ “ကြက်သွန်တွေက ကောင်းလွန်းပြီး တချို့စိုက်ခင်းတွေမှာဆို ကြက်သွန်ဥ တွေက ကြီးလွန်းနေတော့ ရောင်းတန်းတောင် သိပ်မဝင်ဘူးဖြစ်နေပါတယ်။ ရာသီဥတုက ကြက်သွန်နီကြိုက်တဲ့ ရာသီမျိုး ဖြစ်ခဲ့လို့ ထွက်နှုန်းတွေက မထင်မှတ်လောက်အောင် ကောင်းခဲ့ပါတယ်။ ကြက်သွန်ပေါ်စကတည်းက အခုထိ ဈေးက အေးလွန်း နေတော့ ဒီကိုဗစ်ကာလကြီး ပြီးတဲ့အထိမှ ဈေးမတက်ဘဲ လမ်းကြောင်းတွေလည်း မပွင့်ဘူးဆိုရင် တွေးပူမိပါတယ်။ ကြက်သွန် က ရေရှည်ထားရင်ထားသလို အချိန်လျော့ပြီး အပုပ်တွေလည်း များတတ်တာကြောင့်ပါ”ဟု ရေနံချောင်းမြို့နယ် ညောင်စောက် ချောင်း ကျေးရွာမှ ကြက်သွန်နီစိုက် တောင်သူတစ်ဦးကပြောကြားသည်။

ကြက်သွန်နီဈေးကွက်သည် ပြည်တွင်း စားသုံးမှုထက် နိုင်ငံခြားသို့တင်ပို့မှုအပေါ်တွင် ပိုမိုမူတည်ကြောင်း၊ ယခင်နှစ်က နိုင်ငံခြားဝယ်လိုအား များပြားမှုကြောင့် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးအထိ စံချိန်တင်ဈေးမြင့်တက်ခဲ့ကြောင်း၊ ထိုသို့ ဈေးမြင့်တက်ခဲ့မှုကိုမျှော်လင့်၍ ယခုနှစ်တွင် ကြက်သွန်နီကို စိုက်ပျိုးသူပိုမိုများပြားခဲ့ကာ အထွက်နှုန်း ကောင်းမွန် ခဲ့ကြောင်း၊ တောင်သူအများစုသည် ဈေးတက်လာရန်မျှော်လင့်၍ လက်ရှိအနည်းငယ်ကိုသာ ရောင်းချကြသေးကြောင်း၊ အချို့နှစ်များတွင် နှစ်နှစ်ပတ်လည်အထိ ကြက်သွန်နီကိုတက်ဈေးမျှော်၍ သိုလှောင်ထားကြသော်လည်း ရာသီပေါ်စကခန့်ပင် ဈေးမရရှိမှုကြောင့် ကြက်သွန်နီစိုက်တောင်သူများ အရှုံးကြီးခဲ့ဖူးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/172466

## ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း အရောင်းအဝယ်ဈေးကွက် တည်ငြိမ်နေ

မြန်မာနိုင်ငံတွင် Covid-19 ရောဂါကူးစက်ပြန့်ပွားမှုများ စတင်ဖြစ်ပေါ်ခဲ့သည့် မတ်နှင့်ဧပြီလအတွင်းတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါးရပ်ဆိုင်းခဲ့ရသည့် အခြေအနေများဖြစ်ပေါ်ခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများရောင်းဝယ်သည့် ဈေးကွက်မှာ ပုံမှန်အတိုင်းအရောင်းအဝယ်များဆက်ရှိနေဆဲ ဖြစ်သည် ဟု Steel Mart အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဒါရိုက်တာကိုနိုင်ဝင်းကပြောသည်။ "ဆောက်လုပ်ရေး လုပ်တဲ့သူတွေက ပစ္စည်းတွေကို မိုးမထိခင် ကြိုဝယ်ကြတာများတယ်၊ ခုချိန်ထိလဲ အရောင်းအဝယ်ကသွက်နေဆဲပါပဲ၊ ကိုဗစ်က ဒီဈေးကွက်ကို သိပ်မသက်ရောက်ဘူးလို့ဆိုရမယ်၊ ဈေးကွက်သဘောအရတော့ နှစ်စဉ်မိုးရာသီဆိုရင် အရောင်းအဝယ် အေးတတ် တယ်" ဟု ကိုနိုင်ဝင်းကဆိုသည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းဝယ်ရေးဈေးကွက်သည် နှစ်စဉ်မတ်၊ ဧပြီနှင့်မေလတို့တွင် ရောင်းအား အကောင်းဆုံးကာလများဖြစ်ပြီး ယခုနှစ်တွင် ကူးစက်ရောဂါအန္တရာယ်ကြောင့် ဈေးကွက်ထိခိုက်မည်ကို စိတ်ပူခဲ့ရသော်လည်း ယခင်နှစ်များအတိုင်းပင် အရောင်းအဝယ်ရှိနေဆဲ ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ နှစ်စဉ် မတ်မှ မေလအထိ ကာလများသည် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချ ရေးဈေးကွက်တွင် အရောင်းအသွက်ဆုံး ဖြစ်သည့်အတွက် အလုပ်သမားများမှာ ညဆိုင်းများပါအလုပ်ဆင်း ရသည့် ကာလများဖြစ်သော်လည်း လက်ရှိအချိန်တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်သည့်အပိုင်းတွင် အနည်းငယ် ထိခိုက်မှုများ ရှိနေကြောင်းလည်းၚင်းကဆိုသည်။ "နယ်ပြန်သွားတဲ့အလုပ်သမားတွေပြန်လာဖို့ အခက်အခဲရှိနေလို့ ရန်ကုန်မှာရှိတဲ့ လူအင်အား နဲ့ပဲ ဆက်လုပ်နေရတယ်၊ လူအင်အားနည်းနေပြီး ညဆိုင်းလည်းလုပ်မရတဲ့အတွက် ကုန်ထုတ်တဲ့အပိုင်းမှာ အခက်အခဲတွေ ကြန့်ကြာမှုတွေတော့ရှိနေတယ်"ဟု ကိုနိုင်ဝင်းကဆိုသည်။

ယင်းအပြင် အိမ်အပြင်ထွက်သူများ သိသိသာသာ နည်းပါးသွားသည့်အတွက် Show room များတွင် ကိုယ်တိုင်လာရောက် ဝယ်ယူသူများ နည်းပါးသွားကြောင်း Sunshine အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းမှသိရသည်။ အချို့ဝယ်ယူသူများမှာ အွန်လိုင်းမှတစ်ဆင့် ပစ္စည်းအော်ဒါတင်ကြပြီး ငွေပေးချေမှုကိုလဲ အွန်လိုင်းစနစ်နှင့် ဘဏ်များမှတစ်ဆင့် ငွေသားပေးချေသည့် စနစ်ဟူ၍ ငွေပေးချေမှုပုံစံနှစ်မျိုးဖြင့် ဆောင်ရွက်ပေးထားသောကြောင့် အရောင်းအဝယ်ဈေးကွက်ကို ထိခိုက်ခြင်း မရှိကြောင်း လည်းသိရသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် အာဆီယံ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်းစုဖြစ်သည့် SCG မှလည်း ၂၀၂၀ ခုနှစ် ပထမသုံးလပတ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတွင် ဆောက်လုပ်ရေးလုပ်ငန်သုံး ဘိလပ်မြေ ရောင်းချနိုင်မှု အခြေအနေမှာ ယခင်နှစ်ကထက် ၂၃ ရာခိုင်နှုန်းတိုးတက်လာကြောင်းဖော်ပြထားသည်။

**Source:** https://myanmar.mmtimes.com/news/138954.html

## COVID-19 ကန့်သတ်မှုများကြောင့် သကြားဈေးကွက် အကျဘက်ဦးတည်

COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ကန့်သတ်မှုများကြောင့် သကြားကိုပြည်တွင်းသုံးစွဲသူနည်းပါးခြင်း၊ ကမ္ဘာ့သကြားဈေးကွက်ကျဆင်းနေခြင်းနှင့် ပြည်တွင်းသကြားလက်ကျန်ရှိနေခြင်းအပြင် တရုတ်မှဝယ်လိုအားမရှိခြင်းတို့ကြောင့် သကြားဈေးကွက် အကျဘက်ဦးတည်နေကြောင်း သကြားလုပ်ငန်းရှင်များထံမှသိရသည်။ လက်ရှိကြုံတွေ့နေရသည့် ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် အစိုးရနှင့်ဒေသန္တရအမိန့်များအရ စားသောက်ဆိုင်များဖွင့်ခွင့်မရှိဘဲ ပါဆယ်စနစ် ရောင်းချစေခြင်း၊ ပွဲလမ်းသဘင်များကျင်းပခွင့်မပြုခြင်းတို့ကြောင့် ပြည်တွင်းသကြားသုံးစွဲမှုလည်း ကျဆင်းလာမှုက သကြားဈေးကွက်အပေါ် သက်ရောက်စေသည်ဟုဆိုသည်။ “အရင်ထဲက သကြားလက်ကျန်က ပြည်တွင်းမှာများနေတယ်။ ဒီ၂ နှစ်လောက်မှာတော့ သကြားဈေးတက်စရာ မရှိဘူး။အကျဘက်မှာရှိတယ်။ ကိုဗစ်ကြောင့် လုပ်ငန်းတွေရပ်တာ၊စက်ရုံအချို့ပိတ်တာနဲ့အချိုရည်စက်ရုံတွေ ဆိုလည်း ပွဲလမ်းမရှိလို့ ရောင်းအားမရှိတဲ့အခါသကြားသုံးစွဲမှုနည်းသွားတယ်။ ဝယ်လိုအားနည်းနေတယ်။ ။ဒီနှစ်မှာလည်း သကြားဈေးအကျနဲ့ ခါးစည်းခံရမှာပါ“ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဒုဥက္ကဋ္ဌ ဦးဝင်းဌွေးက ပြောသည်။

ပြည်တွင်းထုတ်လုပ်သည့် သကြားဈေးကွက်တွင် ၂၀၂၀ ပြည့်နှစ်စပိုင်းက ပေါင်းသကြားတစ်ပိဿာ ၈၆၀-၈၈၀ ကျပ်ရှိပြီး ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းပိုင်းတွင် ၉၀၀-၉၃၀ ကျပ်ထိ မြင့်တက်လာခဲ့ရာမှ ဧပြီလဆန်းပိုင်းမှစ၍ မေလ ၁ ရက်နေ့တွင် ၈၇၀-၈၈၀ ကျပ်၊မေ၄ ရက်နေ့တွင် ၈၅၀-၈၆၀ ကျပ်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ''ပြည်တွင်းထုတ်လုပ်မှုနဲ့ ပြည်တွင်းစားသုံးမှုက ပိုလျှံနေချိန်မှာ ပြည်ပကဝင်လာပြီးဈေးနှုန်းက သိပ်မကွာဘူး။ တရုတ်ပြည်ကပိတ်လိုက်တော့ သကြားတွေပြည်တွင်းမှာ စုပုံနေတာအကြောင်းတစ်ခုပါ။ သကြားထုတ်လုပ် မှုအရ ပြည်တွင်းမှာ စုပုံနေတယ်။လက်ရှိမှာ တောင်သူတွေက ကြံပင်တွေ အလကားပေးတာတို့ဖြစ်နေတော့ သကြားလောက အဆင်မပြေနိုင်သေးဘူး”ဟု သကြားနှင့်သကာရည်များလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ (မန္တလေးတိုင်း) ဦးအေးကပြောသည်။ ပြည်ပမှသကြားတင်သွင်းခွင့်ရရှိသူများကလည်း စက်ရုံထုတ်လုပ်မှုထက် ပြင်ပသို့ရောင်းချခြင်းက ပိုမိုအမြတ်အစွန်းရရှိသဖြင့်ဈေးကွက်တွင် ပြည်တွင်းသကြားနှင့်ဈေးမကွာဘဲ ရောင်းချမှုများလည်းရှိနိုင်ကြောင်းသိရသည်။ သကြားဈေးကွက်ကျဆင်းမှုကြောင့် သကြားထုတ်လုပ်သည့်စက်ရုံများကလည်း ယခင် ကြံတစ်တန်လျှင် ၄၂၀၀၀ ဝန်းကျင်မှ ယခုနှစ်တွင် ၃၈၀၀၀ ဝန်းကျင်သာဝယ်ယူသဖြင့် ကြံစိုက်တောင်သူများတွက်ခြေမကိုက်ဖြစ်နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/138917.html

## ဥရောပသမဂ္ဂ မြန်မာကို ငွေကြေးခဝါချမှုနဲ့ အမည်ပျက်စာရင်းသွင်းဖို့စီစဉ်နေ

ငွေကြေးခဝါချမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ပျက်ကွက်တာကြောင့် ဥရောပသမဂ္ဂ- EU က မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံကို၊ ငွေကြေးခဝါချမှုဆိုင်ရာ အမည်ပျက်စာရင်းမှာထည့်သွင်းဖို့စီစဉ်နေကြောင်း အီးယူရဲ့ကြေညာချက်မူကြမ်းကို ကိုးကားပြီး ရိုက်တာသတင်းဌာနက မေလ ၅ ရက်နေ့က သတင်းရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီနိုင်ငံ ၂၂ ခုမှာ အာရှဒေသက မြန်မာ၊ ကမ္ဘောဒီးယားနဲ့ မွန်ဂိုးလီးယားနိုင်ငံတွေ ပါဝင်ပါတယ်။ ဒီကိစ္စဟာ တရားမဝင် မူးယစ်ဆေးဝါးလုပ်ငန်းတွေတွေကြောင့် ဖြစ်နိုင်ပြီး၊ ဒီလုပ်ငန်းတွေနဲ့ ငွေကြေးခဝါချမှုကို အစိုးရ အဆက်ဆက်က တားဆီးဖို့ ကြိုးစားနေပေမယ့် အခုချိန်ထိ ဆက်ရှိနေဆဲပဲလို့ ဘဏ်လုပ်ငန်းမှာ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့တဲ့ ရန်ကုန်တိုင်း ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ NLD ပါတီဝင် တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးတင့်လွင် (ခေါ်) မောင်လွင်မွန် (ကသာ) က ပြောပါတယ်။ "နိုင်ငံအများစုကတော့ ကျနော့် အထင်ပြောရရင်တော့ တတိယနိုင်ငံတွေများတာပေ့ါ။ အထူးသဖြင့် ငွေကြေးစနစ်မှာ မခိုင်မာသေးတဲ့နိုင်ငံတွေဖြစ်မယ်လို့ ထင်တယ်လေ။ မူးယစ်ဆေးဝါး အဓိကဖြစ်မယ်လို့ထင်တယ်လေ။ မူးယစ်ဆေးဝါးကို ကျနော်တို့လည်း ခေတ်အဆက်ဆက် အစိုးရအဆက်ဆက် ဒီဟာကို အရေးယူတာတော့ရှိတယ်။ ဒါပေမဲ့လည်း ရှိနေသေးတာပဲ ဒီဟာက ။ ငွေကြေးခဝါချမှုရဲ့ လမ်းကြောင်းဖြစ်နေသေးတယ်။ အဲဒါကြောင့်မို့ ကျနော်တို့နိုင်ငံအပါအဝင် နိုင်ငံ တော်တော်များများမှာ ဒီလိုဖြစ်နေတော့ ဒီဟာတွေကို invest လုပ်ပြီးတော့ ငွေကြေးခဝါချဖို့ အားပေး ၊ ဖြစ်စေဖို့အတွက် စောင့်ကြည့်တဲ့ နိုင်ငံစာရင်းမှာ ကျတော်တို့ကို ထည့်တယ်လို့ထင်ပါတယ်။ "ငွေကြေးခဝါချမှုနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ အစိုးရ လက်ထက်ကနေ အခု NLD အစိုးရလက်ထက်အထိ ဥပဒေ၊ အမိန့်တွေ ထုတ်ပြန်ပြီးလုပ်ခဲ့ပေမယ့် နှစ်ပေါင်းများစွာ အမြစ်တွယ်လာတဲ့ကိစ္စတွေကို

ကိုင်တွယ်ဖို့အားနည်းချက်တွေရှိနိုင်ပါတယ်လို့လည်း ဦးတင့်လွင်ကပြောပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းတွေတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ဝင်းသိန်းကတော့ မူးယစ်ဆေးဝါးလုပ်ငန်းအပြင် သစ်နဲ့ ကျောက်စိမ်း တရားမဝင်ခိုးထုတ်တာ၊ အဂတိလိုက်စားမှုတွေကရတဲ့ငွေနဲ့ အခွန်ရှောင်မှုတွေက ရတဲ့ငွေမဲတွေကို ငွေကြေး ခဝါချမှုတွေရှိနေတာကြောင့် စောင့်ကြည့်စစ်ဆေးမှုတွေလုပ်နေရတယ်လို့ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် ဇွန်လက နေပြည်တော်မှာ ကျင်းပတဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ခမ်းအနားတစ်ခုမှာပြောခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက တရားရေးအကြံပေးတစ်ဦးကတော့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွေကနေ ငွေကြေးခဝါချတာက အဓိကဖြစ်နေ တယ်လို့ အဲဒီအခမ်းအနားမှာပဲပြောခဲ့ပါတယ်။

ဥရောပသမဂ္ဂနဲ့ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းတွေအနေနဲ့ မြန်မာနိုင်ငံရဲ့အခက်အခဲကို သိပေမယ့် စိုးရိမ်ပူပန်မှုတွေရှိလို့ အနီးကပ် စောင့်ကြည့်ရမယ့် နိုင်ငံစာရင်းမှာထည့်သွင်းတာလို့ယူဆကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က ဆိုပါတယ်။ အမည်ပျက်စာရင်းထဲမှာပါဝင်တဲ့ နိုင်ငံတွေအနေနဲ့ ဥရောပသမဂ္ဂရဲ့ငွေရေးကြေးရေးစနစ်ကို အန္တရာယ်ပြု ခြိမ်းခြောက်နေတာကြောင့် ဥရောပဘဏ်တွေ၊ ငွေကြေးအဖွဲ့အစည်းတွေအနေနဲ့ မြန်မာအပါအဝင် နိုင်ငံ ၂၂ ခုနဲ့ ဆက်စပ်နေတဲ့ ကိစ္စတွေကို အနီးကပ်သတိထား စစ်ဆေးသင့်တယ်လို့ အီးယူကြေညာချက် မူကြမ်းမှာသတိပေးထားပါတယ်။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေကို ငွေကြေးထောက်ပံ့တယ်လို့ ယူဆ တာကြောင့် မြန်မာအပါအဝင် အဲဒီ နိုင်ငံ ၂၂ ခုမှာရှိတဲ့ စီးပွားရေးကုမ္ပဏီတွေလည်း ဥရောပသမဂ္ဂကပေးမယ့် ရန်ပုံငွေထောက်ပံ့ကြေးအသစ်တွေကို ရနိုင်မှာမဟုတ်ဘူးလို့ ရိုက်တာ သတင်းမှာ ဖော်ပြထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဗဟိုဘဏ် တာဝန်ရှိသူတွကို RFA က ဆက်သွယ်မေးမြန်းရာမှာ ဖုန်းနဲ့ လက်ခံဖြေကြားမှာ မဟုတ်ဘဲ သိလိုတဲ့အချက်တွေကို စာနဲ့ရေးသားမေးမြန်းဖို့ပြောပါတယ်။ အမြင်သဘောထားပေးဖို့ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေရေးကြေးရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်ကို RFA က ဆက်သွယ်မေးမြန်းခဲ့ ပေမယ့် လောလောဆယ် မှတ်ချက်မပေးလိုသေးဘူးလို့ပြောပါတယ်။

နိုင်ငံတော် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးကို အင်တာနက်အွန်လိုင်းက တစ်ဆင့် မေးမြန်းထားပေမယ့် အခုညနေ လေးနာရီကျော်တဲ့အထိ ပြန်လည်ဖြေကြားတာမရှိသေးပါဘူး။ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးကတော့ မူးယစ်ဆေးဝါး လုပ်ငန်းနဲ့ပတ်သက်တဲ့အချက်အပြင် ပြည်တွင်းအကြမ်းဖက်မှုတွေကို ငွေကြေးဖြည့်ဆည်းမှုရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ နဲ့လည်း ဆက်စပ်လိမ့်မယ်လို့ယူဆကြောင်းပြောပါတယ်။ "ပြည်တွင်းအကြမ်းဖက်မှုနဲ့ပတ်သက်ပြီးတော့ ပြည်တွင်း အကြမ်းဖက်မှုနဲ့ အကြမ်းဖက်မှုဖြစ်ရပ်တွေအပေါ်မှာ ငွေကြေးဖြည့်ဆည်းမှုတွေရှိနေတယ်။ ဒီငွေကြေး ဖြည့်ဆည်းမှုတွေ ကိုလည်း ကျနော်တို့က သေသေချာချာစောင့်ကြပ်စီမံနိုင်ခြင်းမရှိဘူး။ အဲဒီတော့ ငွေကြေးတွေကလည်း နိုင်ငံတကာ အကြမ်းဖက်ရေးလှုပ်ရှားမှုများနဲ့လည်း ဆက်စပ်နေတယ်ဆိုတဲ့စွပ်စွဲချက်နဲ့ အဲဒါတော့ ဒါလောလောဆယ်ကာလမှာ အသစ် ဖြစ်လာတဲ့ကိစ္စဖြစ်ပါတယ်။"

ပြီးခဲ့တဲ့နှစ်က အမည်ပျက် စာရင်းထဲမှာပါဝင်တဲ့ လာအိုနဲ့သီရိလင်္ကာနိုင်ငံတွေကို ဒီနှစ်မှာ နာမည်ပျက်စာရင်းထဲကနေ ဥရောပကော်မရှင်က ပယ်ဖျက်ထားတယ်လို့ ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။ ISP-Myanmar အဖွဲ့က ပြင်ပဆက်ဆံရေး အရာရှိ၊ နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးအောင်သူငြိမ်းက အမည်ပျက်စာရင်းကနေလွတ်မြောက်ဖို့ သက်ဆိုင်ရာ အဖွဲ့စည်းတွေ အနေနဲ့ စီမံကိန်းချပြီး တုံ့ပြန်သင့်တယ်လို့ အကြံပြုတိုက်တွန်းပါတယ်။ "ကျနော်ထင်တာကတော့ နည်းလမ်းကတော့ အလွယ် တကူတော့မရှိဘူးထင်တယ်ဗျ။ ကျနော်တို့ဆီမှာလည်း အဲလို တရားမဝင်ငွေကြေးခဝါချမှုနဲ့ပတ်သက်တဲ့ အလုပ်အဖွဲ့တွေ ရှိပါတယ်။ ဒါတွေကို စောင့်ကြည့်တဲ့အဖွဲ့တွေရှိတယ်။ နောက်တခါ ဗဟိုဘဏ်လိုဟာမျိုးပေါ့နော်ဆိုတော့ ကျနော်ထင်တယ် သေချာကို စီမံကိန်းချပြီးတော့ ပြန်တုံ့ပြန်ဖို့တော့ လိုမယ်ထင်တယ်ဗျ။" တကယ်လို့ မြန်မာကိုအမည်ပျက်စာရင်းမှာထည့်သွင်း လိုက်ရင် နိုင်ငံတကာက ငွေကြေးစီးဆင်းမှုတွေအပါအဝင် နိုင်ငံတကာနဲ့ဆက်စပ်တဲ့ ငွေကြေးလုပ်ငန်းတွေ ထိခိုက်နိုင်တယ်လို့ လည်း ဦးအောင်သူငြိမ်းကဆိုပါတယ်။ အမည်ပျက်စာရင်းထဲ ထည့်သွင်းခံရမယ့် နိုင်ငံတွေထဲမှာ ပနားမား၊ ဘဟားမားစ်နဲ့ မောရစ်သျှနိုင်ငံတွေလည်းပါဝင်ပြီး ဒီကြေညာချက်ကို ဥရောပကော်မရှင်က ကြာသာပတေးနေ့မှာ ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။

**Source:** https://www.facebook.com/rfaburmese/posts/10159890151913128?__tn__=K-R

## ကျောက်စိမ်းဈေးကွက် ပြန်ကောင်းလာရန် ၂ လလောက် စောင့်ရဦးမည်

မြန်မာ့ကျောက်စိမ်းဈေးကွက် ပြန်ကောင်းလာဖို့ဆိုရင် နောက်နှစ်လလောက် စောင့်ရအုံးမယ်လို့ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ် ဒု-ဥက္ကဋ္ဌကပြောပါတယ်။ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ် ဒု-ဥက္ကဋ္ဌ ဦးကျော်သူရက "တရုတ်နိုင်ငံကလည်း သူ့နိုင်ငံတွင်း ပြည်တွင်းပြည်ပ ဝင်ထွက်သွားလာမှုတွေကို လကုန်ထိ ပိတ်ပင်ထား တာကြောင့် မြန်မာနိုင်ငံတွင်းမှာ ကျောက်စိမ်းဈေးကွက် အရင်ကလို ပြန်လည်ကောင်းမွန်လာဖို့ ဆိုရင် အနည်းဆုံး နှစ်လလောက် စောင့်ရအုံးမယ်"လို့ ပြောပါတယ်။

မြန်မာနိုင်ငံမှာ ကိုရိုနာပိုင်းရပ်စ်ရောဂါ ကြီုတင်ကာကွယ်တဲ့အနေနဲ့ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသနဲ့ မန္တလေးမြို့ရှိ ကျောက်စိမ်းဈေးတွေကို အစိုးရက ပိတ်ထားဖို့ ညွှန်ကြားထားတာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံ အတွင်း COVID-19 ကူးစက်ရောဂါဖြစ်ပွားနေတာကြောင့် ကျောက်စိမ်းဈေးကွက် ကျဆင်းနေတာလည်း ဖြစ်ပါတယ်။

**Source: [http://burmese.dvb.no/archives/386245](http://burmese.dvb.no/archives/386245)**

## အိန္ဒိယ၏ ၂၀၂၀ ပြည့်နှစ် ဧပြီလဝယ်ယူရေးစီမံခန့်ခွဲသူများ အညွှန်းကိန်းကျဆင်းခဲ့ခြင်း

အိန္ဒိယနိုင်ငံ၌ COVID–19 ဗိုင်းရပ်စ်ကူးစက်မှုတားဆီးထိန်းချုပ်နိုင်ရန်အတွက် တစ်နိုင်ငံလုံး၏ ဆက်သွယ်သွားလာမှု များအား ၂၅.၃.၂၀၂၀ နေ့မှစ၍ ကန့်သတ်တားမြစ်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ဝယ်ယူရေး စီမံခန့်ခွဲသူများ အညွှန်းကိန်း Purchasing Managers' Index (PMI) သည် ၁၅ နှစ်တာကာလအတွင်း အနိမ့်ကျဆုံး အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ရာသီအလိုက်ကိုက်ညှိပြုစုသည့် PMI အညွှန်းကိန်းသည် ၂၀၂၀ ပြည့်နှစ် မတ်လ၌ ၅၁.၈ ရှိရာမှ ဧပြီလတွင် ၂၇.၄ သို့ ကျဆင်းရောက်ရှိခဲ့ကြောင်း၊ ၎င်းတို့၏မှတ်တမ်းများပြုစုသည့် ၁၅ နှစ်ကျော် ကာလအတွင်း ယခု အိန္ဒိယ၏ ဝယ်ယူရေးစီမံခန့်ခွဲသူများ အညွှန်းကိန်းမှာ အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဧပြီလရှိ ကိန်းဂဏန်းအချက်အလက်များက အိန္ဒိယ၏ ကုန်ထုတ်လုပ်မှုမှာ မကြုံစဖူးထူးကဲစွာ ကျဉ်းမြောင်းမှုရှိလာသည်ကို ညွှန်ပြလျက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအားထိန်းချုပ်နိုင်ရေး lockdown ချမှတ်ဆောင်ရွက်ခြင်းက ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ကျယ်ပြန့်စွာ ရပ်ဆိုင်းမှုဖြစ်ပေါ်စေပြီး ယခုရလာဒ်ထွက်ပေါ်ခြင်းဖြစ်ကြောင်း၊ အိန္ဒိယကုန်ထုတ်လုပ်ငန်းများ၏ အမှာစာအသစ်များ လက်ခံ ရရှိမှုမှာ ၂ နှစ်နှင့် ၆ လ ကာလအတွင်း ပထမဆုံးအကြိမ်ကျဆင်းခဲ့ခြင်းဖြစ်ပြီး စစ်တမ်းကောက်ယူသည့် သမိုင်းကာလ တစ်လျှောက်တွင် အကျဉ်းမြောင်းဆုံးနှုန်းထားပင်ဖြစ်ကြောင်းစသည်ဖြင့် ပုဂ္ဂလိကစီးပွားရေးရာလေ့လာဆန်းစစ်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် IHS Markit မှ ဖော်ပြပါသည်။

PMI အညွှန်းကိန်း ၅၀ အထက်ဖြစ်ပါက ကုန်ထုတ်လုပ်မှုမှာ ဆက်လက်တိုးချဲ့နေမည်ဖြစ် ပြီး ၅၀ အောက်၌ တည်ရှိမှုမှာ ကုန်ထုတ်လုပ်မှုများ ကျဉ်းမြောင်းကျုံ့ဝင်မည့် အခြေအနေဖြစ် ပါသည်။ IHS Markit ၏ ကိန်းဂဏန်းများအရ အိန္ဒိယထုတ်ကုန်ပစ္စည်းများ၏ ဝယ်လိုအားမှာ ပုံပျက်ယွင်းမှု လွန်ကဲစွာဖြစ်ပေါ်လျက်ရှိကြောင်း သုံးသပ်ရရှိပြီး အထူးသဖြင့် မော်တော်ယာဉ် ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍ၌ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ပြည်တွင်းရောင်းချရမှုတန်ဖိုး သုည ဖြစ်သည်အထိ ကျဆင်းခဲ့ပါသည်။ အိန္ဒိယအစိုးရက တစ်နိုင်ငံလုံး အသွားအလာကန့်သတ်တားမြစ်မှုအား မေလ ၁၇ ရက်နေ့ အထိ တိုးမြှင့် သတ်မှတ်ထားရှိပြီး စီးပွားရေးလုပ်ငန်းများအား အကန့်အသတ်ဖြင့် ပြန်လည်လုပ် ကိုင်ခွင့်ပြုထားသော်လည်း လုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ဆောင်နိုင်မည်ဟု ပြောကြားရန်မှာ အချိန်ယူစောင့်ကြည့်ရန် လိုအပ်လျက်ရှိနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူ များက သုံးသပ်လျက်ရှိပါသည်။

**Source: India April manufacturing PMI at all–time low of 27.4, 5 May 2020, Economic Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 7th May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,500 | 10,500 | 10,000 | 224 | 2,258,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,800 | 9,885 | 37,907,250 | 38,929,150 | 149,877 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,100 | 8,100 | 8,000 | 9 | 72,200 | 10,400,986 | 83,208 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,500 | 23,500 | 23,000 | 164 | 3,827,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 489 | 1,344,750 | 12,823,224 | 35,264 |

## Market summary

As of 7th May. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.30 | +11.46 | +2.64% | 447.06 | 447.06 | 434.08 | 10,771 | 45,409,200 | 5 | 611,126 |

### Index chart




## Market Overview

As of 12:30 pm, 7th May. 2020

| MYANPIX | 436.40 ▲ 1.56 |
|---|---|
| Total Volume (shares) | 6,080 |
| Total Value (MMK) | 27 mil |
| Listed Company | 5 |
| Market Cap. (MMK) | 597,569 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 0 |